Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

**Swiss Agency for Development
and Cooperation SDC**

# ဆွစ်ဇာလန်နိုင်ငံ၏ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ

# ၂၀၁၃-၂၀၁၇



# ဆွစ်ဇာလန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု

ဆွစ်ဇာလန်နိုင်ငံသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရာတွင်၊ ရေရှည်စီမံကိန်းများ ချထားလုပ်ဆောင်မှု၊ စနစ်တကျစီမံခန့်ခွဲမှုနှင့် ကြားနေမူဝါဒကျင့်သုံးမှုတို့ကို အခြေခံထားဆောင်ရွက်မှုကြောင့် နိုင်ငံတကာ၌ နာမည်ကောင်းဖြင့် ထင်ရှားလျက်ရှိပါသည်။

ဆွစ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့သည် ကဏ္ဍပေါင်းစုံ၊ မူဝါဒနယ်ပယ်အမျိုးမျိုးကို လွှမ်းခြုံကာ တာဝန်ခံလုပ်ဆောင်ပေးနေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ ဆွစ်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများသည် ပြောင်းလဲဖြစ်ပေါ်နေသည့် လိုအပ်ချက်များနှင့်အညီ ဆီလျော်ထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ပေးခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

လွန်ခဲ့သည့် ဆယ်နှစ်တာကာလအတွင်း ဆွစ်ဇာလန်နိုင်ငံသည် ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာသည့် ဥပဒေဆိုင်ရာလုပ်ငန်းများတွင် ၎င်း၏ ကတိကဝတ်များကို တိုးမြှင့်ဆောင်ရွက်လာခြင်းကြောင့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ပဋိပက္ခအများဆုံး ဖြစ်ပွားနေသည့်ဒေသများ အများအပြားတွင် လေးစားခံရမှုနှင့် အရေးကြီးသော အခန်းကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်ခွင့်တို့ ရရှိခဲ့ပါသည်။

ဆွန်ဇာလန်နိုင်ငံလွှတ်တော်က ကမ္ဘာလုံးဆိုင်ရာ အသုံးစရိတ်ရန်ပုံငွေဖြစ်သော လူမှုအဖွဲ့အစည်းငြိမ်းချမ်းရေး လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရေးရန်ပုံငွေ(၂၀၁၂-၂၀၁၆)အတွက် ဆွစ်ဖရန့်ငွေ သန်း ၃၁၀ (အမေရိကန် ဒေါ်လာ သန်း ၃၅၀)ကိုလည်းကောင်း၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် လူသားချင်းစာနာ သည့်အကူအညီများရန်ပုံငွေ(၂၀၁၃-၂၀၁၆)အတွက် ဆွစ်ဖရန့် ၁၁.၃၅ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၂ ဘီလီယံ)ကိုလည်းကောင်း သုံးစွဲခွင့်ပြုရန် သဘောတူ အတည်ပြုခဲ့ပါသည်။



# ဆွစ်ဇာလန်နိုင်ငံ၏ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ ၂၀၁၃-၂၀၁၇

## ဆယ်စုနှစ် ၂ စုကြာပေးအပ်ခဲ့သည့် လူသားချင်းစာနာသည့် အကူအညီများနှင့် အတွေ့အကြုံများ အပေါ်အခြေခံ၍ အကောင်အထည်ဖော်ခြင်း

၂၀၁၃-၂၀၁၇ ခုနှစ်အတွက် ဆွစ်ဇာလန်နိုင်ငံ၏ မြန်မာနိုင်ငံဖွံ့ဖြိုးတက်မှု ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာစီမံကိန်းသည် မြန်မာနိုင်ငံကို ဆယ်စုနှစ် ၂ စုနီးပါး လူသားချင်းစာနာသည့် အကူအညီများ ပေးအပ်ခဲ့မှုများအပေါ် အခြေခံကာ တည်ဆောက်ထားခြင်းဖြစ်ပါသည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာဖြစ်ပွားနေသည့် ပြည်တွင်းစစ်ဒဏ်ကြောင့် အတိဒုက္ခရောက်နေကြသူများအတွက် တုံ့ပြန်ဆောင်ရွက်ပေးခြင်းအဖြစ် ထိုင်းနိုင်ငံဒုက္ခသည်စခန်းများတွင်ရောက်ရှိနေကြသည့် မြန်မာဘေးဒုက္ခသည်များအား စားနပ်ရိက္ခာနှင့် အခြေခံလိုအပ်ချက်များကို ၁၉၉၀ ပြည့်လွန်နှစ်များ၏ နှစ်လယ်ပိုင်းစတင်ကာ အကူအညီများ ပေးအပ်ခဲ့ခြင်းအားဖြင့် ဆွစ်လူသားချင်းစာနာသည့် အကူအညီကို အစပျိုးခဲ့ပြီး၊ များမကြာမီမှာပင် အကူအညီပေးမှုများကို မြန်မာနိုင်ငံအတွင်းတိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၌ နာဂစ်ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်မှုဒဏ်ခံခဲ့ရပြီးနောက်တွင် ဆွစ်ဇာလန်နိုင်ငံသည် အရေးပေါ်အကူအညီများပေးခဲ့ပြီးနောက်၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း အစီအစဉ်ကြီးတစ်ခုဖြစ်သည့် နောင်သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက လူပေါင်း ၅၀၀၀၀ ဘေးအန္တရာယ်မှ ခိုလှုံနိုင်မည့် စာသင်ကျောင်း(၄၂)ကျောင်းကို ပြန်လည်တည်ဆောက်ပေးခဲ့ပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သော ဆိုင်ကလုန်းဒဏ်ခံခဲ့ရသည့် မြစ်ဝကျွန်းပေါ်ဒေသ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရာတွင် ပါဝင်ဆောင်ရွက်မှုတစ်ခုအဖြစ် အသက်မွေး



ဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့(LIFT)ကို တည်ထောင်သည့် အလှူရှင်နိုင်ငံများတွင် ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဆွစ်လူသားချင်းစာနာသည့် အကူအညီများကို ၂၀၁၁ ခုနှစ်မှစတင်က လက်နက်ကိုင် တိုက်ခိုက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြည်သူများရွှေ့ပြောင်းခံရမှု အနှံ့အပြား ဖြစ်ပွားနေသည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသတွင် စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ ကျန်းမာရေးဌာနများနှင့်သောက်သုံးရေ ရရှိရေး စနစ်များကို စီမံဆောင်ရွက်ပေးခြင်းများကို ဇောက်ချလုပ်ဆောင်ပေးလျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းမှုအတွက် ကတိကဝတ်တိုးမြှင့်လုပ်ဆောင်ခြင်း

ဆွစ်ဇာလန်နိုင်ငံသည် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ၌ ရန်ကုန်မြို့တွင် သံရုံးအဆင့်ဖွင့်လှစ်လိုက်ခြင်းအားဖြင့် မြန်မာနိုင်ငံအပေါ် အကူအညီပေးရေးအတွက် ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ထားရှိသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး ကတိကဝတ်ကို ခိုင်မာတောင့်တင်းအောင်လုပ်ဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ မျှော်လင့်ထားခြင်းမရှိခဲ့သည့် အထွေထွေပြုပြင်ပြောင်းလဲမှုများကို ထောက်ခံသောအားဖြင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းသောဒီမိုကရေစီလူ့ဘောင်တစ်ရပ် ဖြည်းဖြည်းမှန်မှန် တည်ဆောက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားရန်နှင့်၊ ဆင်းရဲမွဲတေမှု တာရှည်နေမှုကိုပပျောက်စေပြီး၊ ရေရှည်တည်တံ့သော အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆွစ်ဇာလန်နိုင်ငံသည် ၂၀၁၃ မှ ၂၀၁၇ နှစ်အတွက် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူပေါင်းဆောင်ရွက်မှု မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ်ခဲ့ပါသည်။ နိုင်ငံ၏အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားမှုများ ဖြစ်တည်နေမှု



အခြေအနေနှင့်အညီ လူသားများဖွံ့ဖြိုးတိုးတက်မှုတွင် ကြုံတွေ့ရင်ဆိုင်နေရသည့် အခက်အခဲမျိုးစုံဖြစ်ကြသော၊ ပြင်းထန်သည့်ပဋိပက္ခများဖြစ်ပွားမှုအား ကာကွယ်တားဆီးခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကြီးမားသော ထိခိုက်ပျက်စီးဆုံးရှုံးများမှ ပုံမှန်ပြန်လည်ဖြစ်ပေါ်လာစေရန် လုပ်ဆောင်ပေးခြင်းမှသည် လူသားများ၏ အကြပ်အတည်းများနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာကိစ္စများနှင့် ဆင်းရဲသောပြည်သူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဆောင်ရွက်ပေးခြင်းအဆုံး အခက်အခဲမျိုးစုံကို ဤမဟာဗျူဟာကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤမဟာဗျူဟာ၏သက်တမ်းသည် ၂၀၁၃ ခုနှစ်က လက်နက်ဖြင့်ရင်ဆိုင်တိုက်ခိုက်ဖြေရှင်းမှုများအများစုကို ရပ်စဲရန် သဘောတူညီလိုက်ချိန်မှစကာ၊ လူအများလွန်စွာ မျှော်လင့်တောင့်တနေကြသည့် ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲများကျင်းပပြုလုပ်ပြီးနောက်ပိုင်းအထိ သမိုင်းတင်မည့် အပြောင်းအလဲပြုလုပ်ရေးအတွက် ကတိပေးထားသည့် ကာလအထိဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအတွင်း ပေါင်းစည်းဝင်ရောက်မှုများကို အံ့အားသင့်ဖွယ်ရာနှင့် အလျင်အမြန် ပြောင်းလဲပြုပြင်မှုများ ပြီးနောက်တွင် အမျိုးသားရေးဦးစားပေးမှု လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းလုပ်ဆောင်သွားခြင်းအားဖြင့် ပိုမိုအဆင်ပြေချောမွေ့စွာ ဆက်လက်လုပ်ဆောင်သွားလိမ့်မည်ဟူသော ယုံကြည်မှုအပေါ် အခြေခံကာဆွစ်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာကို ကြီးမားသော မျှော်လင့်ချက်များဖြင့် ချမှတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံ၏ ဘဏ္ဍာရေး ကတိကဝတ်အနေဖြင့် ၂၀၁၂ ခုနှစ်အတွက် ဆွစ်ဖရန့်ငွေ ၁၁ သန်း (အမေရိကန် ဒေါ်လာ ၁၁. ၆ သန်း) မှ ၂၀၁၆ ခုနှစ်နှင့် နောက်ပိုင်းတွင် ဆွစ်ဖရန့်ငွေ ၃၃ သန်း (အမေရိကန်ဒေါ်လာ ၃၄. ၈ သန်း)အထိ တိုးမြှင့်ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် သီးခြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုကိုလည်း ဆွစ်ဇာလန်နိုင်ငံ စီးပွားရေးရာဌာန(SECO-Swiss State Secretariat for Economic Affairs)က လုပ်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

# မဟာဗျူဟာရည်မှန်းချက်ပန်းတိုင်နှင့် မျှော်မှန်းချက်

၂၀၁၃ မှ ၂၀၁၇ ခုနှစ်အတွက် ဆွစ်ဇာလန်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ၏ အလုံးစုံရည်မှန်းချက်ပန်းတိုင်မှာ ဆွစ်ဇာလန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုသည် ငြိမ်းချမ်းစွာနှင့် အားလုံးပါဝင်ပြီး မျှတသောလူ့ဘောင်သစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ငြိမ်းချမ်း၍ညီညွတ်မျှတသော လူ့ဘောင်အဖွဲ့အစည်းများ ပေါ်ပေါက်လာရေးအတွက်လည်းကောင်း ရည်မှန်းလုပ်ဆောင်နေသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီပေးရန်ဖြစ်ပါသည်။

မျှော်မှန်းချက်မှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတွင်း လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစနစ်အမျိုးမျိုး တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ သယံဇာတအရင်းအမြစ်များနှင့် အခွန်အကောက်များကို ပွင့်လင်းမြင်သာမှုနှင့် တရားမျှတသောနည်းလမ်းများဖြင့် ခွဲဝေသုံးစွဲသွားနိုင်ကြစေရန်ဖြစ်ပါသည်။ မျှော်မှန်းချက်မှာ လူမှုရေးဝန်ဆောင်မှုများကိုလည်းကောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ရာထူးအာဏာများကိုလည်းကောင်း အညီအမျှရရှိခံစားနိုင်ရန်ဖြစ်သည်။ ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဆိုသည်မှာ ကွဲပြားခြားနားမှုကို လေးစားပြီး၊ သဘောထားကွဲပြားမှုများကို အကြမ်းမဖက်သောနည်းလမ်းဖြင့် ဖြေရှင်းမှုမျိုးကိုဆိုလိုပါသည်။ ဒီမိုကရေစီနည်းစနစ်ကျသည့် အုပ်ချုပ်ရေးစနစ်၏ မျှော်မှန်းချက်မှာ တိုင်းရင်းသားလူမျိုးအုပ်စုများအားလုံးနှင့် လူမှုရေးကဏ္ဍများမှ အမျိုးသမီးများနှင့် အမျိုးသားများအနေဖြင့် ဒေသဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အစိုးရများမှတစ်ဆင့် ဖြေရှင်းပေးသည့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပြောရေးဆိုခွင့်ရရှိစေရန်ဖြစ်ပါသည်။

ဤမဟာဗျူဟာက ဦးတည်သည် ပြည်သူများမှာ အခြေခံလိုအပ်ချက်များနှင့် ရပိုင်ခွင့်များ အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအားဖြင့် ခံစားခွင့် မရရှိကြသော ဆင်းရဲဒုက္ခမျိုးစုံကြုံတွေ့နေရသည့် ပြည်သူများ၊ စစ်မက်ပဋိပက္ခဒဏ် ခံနေရသော ပြည်သူများ၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ လူနည်းစုတိုင်းရင်းသား လူမျိုးနွယ်များနှင့် အမျိုးသမီးများကို ဦးတည်ပါသည်။





# ဆွစ်ဇာလန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ
# အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်မှု ကောင်းမွန်မှုမရှိသဖြင့် ကျွမ်းကျင်မှုမရှိသည့် အလုပ်သမားများအတွက် အလုပ်အကိုင်များနည်းပါးကာ၊ အမျိုးသမီး ၁၂ သန်း ပါဝင်နေသည့် အင်အားတောင့်တင်းသော လုပ်သားအင်အားစု သန်းပေါင်း ၃၀ ကို ထိခိုက်လျက်ရှိပါသည်။ နှစ်စဉ်ကျောင်းပညာအောင်မြင်တတ်မြောက်သည့် လူငယ်တစ်သန်းခန့်ရှိနေသော်လည်း ၎င်းတို့၏ ၁၀% ခန့်သာ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများသို့ တက်ရောက်သင်ကြားခွင့်ရရှိကြပါသည်။ အထူးသဖြင့် ကျေးလက်ဒေသနေလူငယ်များအတွက် နည်းပညာနှင့် သက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်းများတက်ရောက် သင်ကြားရန်အတွက် အခွင့်အလမ်းများ ကင်းမဲ့လျက်ရှိပါသည်။ ဆွစ်ဇာလန်နိုင်ငံသည် မြန်မာအလုပ်သမားများအား ဆက်လက်လုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲမှုများနှင့် အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုအစီအစဉ်တို့ကြောင့် တိုးတက်မြင့်မားလာမည်ဟု မျှော်မှန်းထားသည့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများမှ ပေါ်ပေါက်လာနိုင်မည့် အခွင့်အလမ်းများကို ရယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် အကူအညီများပေးလျက်ရှိပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် မြို့စွန်မြို့ဖျားဒေသများနှင့် ကျေးလက်တောရွာဒေသများရှိ တိုင်းရင်းသား လူမျိုးနွယ် အမျိုးသား အမျိုးသမီးများ အလုပ်ကိုင်ရရှိမှု(သို့မဟုတ်) ကိုယ်ပိုင်အလုပ်အကိုင်များတိုးတက်ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုများကဏ္ဍတွင် စနစ်တကျတိုးတက်ပြောင်းလဲလာစေရန် ပံ့ပိုးပေးလျက်ရှိပါသည်။ သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများသို့ အခွင့်အလမ်းနည်းပါးနေသော ပြည်သူများတက်ရောက်သင်ကြားနိုင်ခွင့်မြင့်မားအောင်လုပ်ဆောင်ပေးရာတွင် အလုပ်သမားဈေးကွက်လိုအပ်ချက်နှင့်တစ်သားတည်းဖြစ်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်

ခြင်းများအားဖြင့် လုပ်ဆောင်နေပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ နည်းလမ်း ၂ သွယ်ပါဝင်သော သက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုသင်တန်းပုံစံ၏ အခြေခံမှုများသည် မြန်မာနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေရှိအောင်လုပ်ဆောင်ထားပြီး၊ လူငယ်များနှင့် ကျေးလက်စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် တွေ့ကြုံရမည့်စိန်ခေါ်မှုများအတွက် ဦးတည်ရေးဆွဲထားခြင်းဖြစ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်းများနှင့်အကျိုးတူပူးပေါင်းကာ မူဝါဒပြုပြင် ပြောင်းလဲမှုကို ဦးတည်လုပ်ဆောင်နေပါသည်။ ဥပမာအားဖြင့် အရည်အချင်းသတ်မှတ်ချက် မူဘောင်များရေးဆွဲခြင်း၊ စံချိန်စံနှုန်းများချမှတ်ခြင်း၊ အရည်အချင်းထောက်ခံချက်များ ထုတ်ပေးခြင်းနှင့်ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အတည်တကျဖြစ်စေရန်လုပ်ဆောင်ပေးခြင်းများဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် မြို့ရွာကျေးလက်နေပြည်သူများထံ သွားရောက်ဆောင်ရွက်ပေးသည့် အစီအစဉ်များ အဖွဲ့အစည်းများအားဖြင့် ဆန်းသစ်တီထွင်ထားသည့် တရားဝင်နှင့် အလွတ်သဘောသင်တန်းအစီအစဉ်များတွင် တက်ရောက်သင်ကြားပြီးသည့် ကျောင်းသားသစ်အရေအတွက် မြင့်မားရေးနှင့် သင်တန်းပို့ချပေးသည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းများနှင့် သက်မွေးဝမ်းကျောင်း ဆရာအတတ်သင် သင်တန်းအစီအစဉ်များတွင် အကူအညီပေးလျက်ရှိပါသည်။

## စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝရေခံမြေခံအလားအလာ လွန်စွာကောင်းမွန်မှုရှိနေသော်လည်း၊ လွဲမှားသည့်မူဝါဒများနှင့် နိုင်ငံတော်မှ ဈေးကွက်ချုပ်ကိုင်သည့်စီးပွားရေးစနစ်အမွေများကို ဆက်ခံခဲ့ရခြင်းတို့သည် ယနေ့ကြုံတွေ့နေရသည့် စိုက်ပျိုးရေးထုတ်လုပ်မှုကျဆင်းရသည့် အကြောင်းတရားများတွင် တစ်စိပ်တစ်ပိုင်းအဖြစ် ပါဝင်နေကာ အဟန့်အတားဖြစ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု စုစုပေါင်း (ဂျီဒီပီ)၏ သုံးပုံတစ်ပုံနှင့် အလုပ်အကိုင်ရရှိမှု စုစုပေါင်း၏ သုံးပုံနှစ်ပုံသည်စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်သယံဇာတပစ္စည်းများအပေါ် မှီခိုအားထားနေရသော်လည်း အချို့သောနေရာများ



အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသောဒေသများတွင် စားနပ်ရိက္ခာမလုံလောက်မှု ရေရှည်ကြုံတွေ့နေရခြင်းနှင့် လတ်တလောဆိုးရွားစွာ ကြုံတွေ့ရခြင်းတို့ကို ခံစားနေရလျက်ရှိပါသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းလမ်းများဖော်ထုတ်ရွေးချယ်ရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် စီးပွားရေးအရ စိတ်ဝင်စားမှုများ တိုးတက်မြင့်မားလျက်ရှိပြီး အရေးပါသောအခန်းကဏ္ဍမှ အခိုင်အမာပါဝင်လုပ်ဆောင်နေကြရာ၊ ထိုအခြေအနေများသည် လယ်ယာမြေနှင့် သဘာဝအရင်းအမြစ်များ၊ အကြံဉာဏ်အရင်းအနှီး၊ နည်းပညာများနှင့် ဈေးကောင်းရရေးတို့အတွက် ကြိုးစားရုန်းကန်နေကြရသည့် ကိုယ်ပိုင်လယ်ယာမြေ အသင့်အတင့်ပိုင်ဆိုင်ကာ လယ်ယာလုပ်ငန်းလုပ်ကိုင်နေကြသော တောင်သူလယ်သမားများအတွက် အခွင့်အလမ်းနှင့် ခြိမ်းခြောက်မှုနှစ်ခုစလုံးကို ဖြစ်ပေါ်လျက်ရှိပါသည်။ ဥပဒေသစ်များပြဋ္ဌာန်းပေးမှုကြောင့် လယ်ယာမြေဈေးကွက်များ ပေါ်ထွက်လာပြီး စက်မှုကုန်ထုတ်လုပ်ငန်း လုပ်ဆောင်နိုင်ရေးတွက် မြေနေရာများနှင့် လုပ်ကိုင်ဆောင်ရွက်ခွင့်များကို အားပေးထားသော်လည်း လယ်ယာလုပ်ငန်းကို အဓိက မှီခိုလုပ်ကိုင်နေသည့် အိမ်ထောင်စုလေးစုတွင်တစ်စုသည် ကိုယ်ပိုင်လယ်ယာမြေ မရှိသည့်အခြေအနေမှာ ဖြစ်ပေါ်လျက်ရှိနေပါသည်။

**ဆွစ်ဇာလန်နိုင်ငံသည်** တိုင်းရင်းသားလူမျိုးနွယ်အားလုံးမှ အမျိုးသား အမျိုးသမီးများအပါအဝင် ကိုယ်ပိုင်လယ်ယာမြေ အသင့်အတင့်ပိုင်ဆိုင်သည့် လယ်သမားများနှင့် ကိုယ်ပိုင်လယ်ယာမြေ မရှိသည့် လယ်သမားများအားငင်းတို့၏ စားနပ်ရိက္ခာဖူလုံမှု၊ အသက်မွေးမှုလုပ်ငန်း အရင်းအနှီးများ၊ စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားနှင့်ဝင်ငွေတိုးတက်ရရှိရေးတို့ အတွက် အကူအညီပေးသွားမည်ဖြစ်သည်။ ထိုအကူအညီများတွင် တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေကြသည့် တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် လိုအပ်သောအရင်းအမြစ်များနှင့် နည်းပညာအကူအညီများမှသည် အကျိုးရှိထိရောက်သော ဈေးကွက်များရရှိရေးအထိ အကူအညီပေးမှုများလည်းပါဝင်သည်။ ကုန်ထုတ်စွမ်းအားစု အခြေခံများဖြစ်ကြသည့် လယ်ယာမြေ၊ သစ်တောနှင့် ရေလုပ်ငန်းအစရှိသည်တို့တွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် မူဝါဒများကိုလည်းကောင်း ကျေးလက်ဒေသများနှင့် လက်တွေ့ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အကောင်အထည်ဖော် ဆောင်ပေးနေသည့် အဖွဲ့အစည်းများကိုလည်းကောင်း အထောက်အကူပြုပေးခြင်းအားဖြင့် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် အလှူရှင်များ စုပေါင်းမတည်ထားသော အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့(LIFT)မှ တစ်ဆင့် အခြားဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များနှင့် ညှိနှိုင်းလုပ်ဆောင်လျက်ရှိပါသည်။ ဆွစ်ဇာလန်နိုင်ငံသည် ပထဝီဝင်ဦးတည်ဒေသဖြစ်သည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ရာဘာခြံလုပ်ငန်း တစ်နိုင်တစ်ပိုင်လုပ်ဆောင်နေသူများကို အခိုင်အမာရပ်တည်နိုင်အောင် အကူအညီပေးခြင်းကဲ့သို့သော ဒေသတွင်း အကောင်အထည်ဖော်လုပ်ဆောင်နေသည့် လုပ်ငန်းအစီအစဉ်များကိုလည်း အကူအညီပေးလျက်ရှိပါသည်။ အရေးပေါ်အခြေအနေများနှင့် လိုအပ်ချက်ရှိသော အခြေအနေများတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ စားနပ်ရိက္ခာတိုက်ရိုက်ထောက်ပံ့ခြင်းကဲ့သို့သော အကူအညီများကိုလည်း ပြုလုပ်ပေးပါသည်။

# ကျန်းမာရေး ၊လူမှုရေးဝန်ဆောင်မှုများနှင့် ဒေသန္တရအုပ်ချုပ်ရေး

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံသားများ အခွင့်အလမ်းပေါင်းစုံတိုးတက်ရရှိရေးနှင့် မြို့ရွာ ကျေးလက်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရန်အတွက် နိုင်ငံ၏ ဒီမိုကရေစီစနစ် ပိုမိုထွန်းကားရန်နှင့် ဗဟိုချုပ်ကိုင်မှု လျှော့ချပေးသည့်စနစ်ကို ဦးတည်ကြိုးပမ်း လုပ်ဆောင်နေပါသည်။ ထိုလုပ်ငန်းစဉ်များကို တိုးတက်ဖြစ်ထွန်းနိုင်ရေးအတွက် ဒေသန္တရ အုပ်ချုပ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း လိုအပ်သော အကူအညီများပံ့ပိုးခြင်းတို့ကို လုပ်ဆောင်ရန်လိုအပ်ပေသည်။

ကျန်းမာရေး၊ ပညာရေးနှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် တစ်မျိုးသားလုံး ၏အသုံးစရိတ်များသည် တဖြည်းဖြည်းတိုးတက် မြင့်မားလျက်ရှိပြီး၊ ဒေသအစိုးရအဆင့်များတွင် အခွန်အကောက်များနှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်နှင့် လုပ်ငန်းတာဝန်များ ပိုမိုတာဝန်ယူ နိုင်ရန်အတွက် အစီအစဉ်များချမှတ်လုပ်ဆောင် လျက်ရှိပါသည်။ ဆွစ်ဇာလန်နိုင်ငံ၏ ပူးပေါင်း ကူညီမှုများတွင် ပဋိပက္ခဒဏ်ခံစားနေရသည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသ၌ မိမိတို့၏ နေရင်းဒေသတွင် ပြန်လည်အခြေချနေထိုင်ရေး အတွက် ပြန်လာသည့်ဒုက္ခသည်များနှင့် ရွှေ့ ပြောင်းခံရသူများအားလည်းကောင်း၊ ၎င်းတို့ ဒေသရပ်ရွာနေ ကျေးလက်ပြည်သူများအား လည်းကောင်း၊ လူနည်းစုတိုင်းရင်းသား လူမျိုး နွယ်များအားလည်းကောင်း ၎င်းတို့၏ လိုအပ်ချက် များကို အထူးအလေးပေးလုပ်ဆောင်ပေးသွား မည်ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံသည် ၎င်း လုပ်ဆောင်နေသည့် ဒုက္ခရောက်နေသူများ ပြန်လည်အခြေတကျဖြစ်လာရေးအစီအစဉ်ကို တိုးမြှင့်ကာ လူသားချင်းစာနာသည့် အကူအညီ များ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းမှုတည်ဆောက် ရေးအကူအညီတို့ကို စုပေါင်းကြိုးပမ်းအားထုတ်မှု နှင့်လက်တွေ့ကျသော နည်းလမ်းများဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။



**ဆွစ်ဇာလန်နိုင်ငံသည်**ကျေးလက်ဒေသများရှိ ပဋိပက္ခသက်ရောက်ခံစားနေရသည့် ဒေသပြည်သူများအပါအဝင်၊ လူမှုရေးအခက်အခဲများနှင့်ကြုံတွေ့နေရသော ကျေးလက်ပြည်သူများအနေဖြင့်၊ အရည်အသွေးမှီ လူထုအခြေပြုကျန်းမာရေးနှင့်ဆေးရုံး၊ ဆေးပေးခန်း၊ ကျောင်းစသော လူမှုအခြေခံအဆောက်အအုံ ဝန်ဆောင်မှုများရရှိရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒေသခံတို့မှ မိမိတို့၏လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင်တင်ပြတောင်းခံခြင်း၊ မိမိတို့၏ရပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် ဒေသတွင်းဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်နိုင်ရေးများတွင် အကူအညီများပေးသွားမည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ပေးမှုများတွင် လူမှုရေးနှင့် ကျေးလက်ပြည်သူများ အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အကူအညီပေးခြင်းနှင့် ဒေသအုပ်ချုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများ ပါဝင်မည်ဖြစ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံ၏ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းအမျိုးမျိုးနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းများသည် အဓိကအားဖြင့် နေရင်းဒေသသို့ပြန်လာကြသည့် ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်ရသူများနှင့် ၎င်းတို့၏နေရင်းဒေသရှိ ဒေသခံပြည်သူများ၏ အခွင့်အရေးများကို ပိုမိုကာကွယ်နိုင်ရန်ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်ပြီး၊ လူမှုအသိုင်းအဝိုင်းအတွင်း ပေါင်းစည်းညီညွတ်မှုရရှိအောင် မြှင့်တင်လုပ်ဆောင်ပေးခြင်းအားဖြင့် ငြိမ်းချမ်းမှုအစဉ်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းမှုများကိုလည်း အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

## ငြိမ်းချမ်းရေး၊ ဒီမိုကရေစီစနစ်ဖော်ဆောင်မှုနှင့် ကာကွယ်စောင့်ရှောက်မှုမြှင့်တင်ခြင်း

ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက်တွင် မြန်မာနိုင်ငံသည် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲသည့်ကာလသို့ ဝင်ရောက်လာသကဲ့သို့ လူမှုအဖွဲ့အစည်း၏စွမ်းရည်သည်လည်း ပဋိပက္ခများကို အကြမ်းဖက်သည့်နည်းလမ်းမသုံးဘဲ ဖြေရှင်းရေးဘက်သို့ ပြောင်းလဲကျင့်သုံးလာခဲ့ပါသည်။ ဆွစ်ဇာလန်သည် မြန်မာနိုင်ငံတွင် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများကို အကူအညီပေးခြင်းနှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် အဖွဲ့အစည်းများ တည်ဆောက်ပေးခြင်းအားဖြင့် ပိုမိုဒီမိုကရေစီ စနစ်ကျနပြီး အားလုံးအကျုံးဝင်သည့် နိုင်ငံရေးစနစ်တစ်ရပ်တည်ဆောက်ရာတွင် အကူအညီပေးရန် ရည်ရွယ်ကာ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ထင်ရှားသောဒေသများသည် အထီးကျန်



ဖြစ်နေခြင်းနှင့် ဆယ်စုနှစ်များစွာ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းများနှင့်အတူ အတင်းအကြပ် ရွှေ့ပြောင်းခံရခြင်း၊ မြေမြှုပ်မိုင်းများ၊ လယ်ယာမြေသိမ်းဆည်းခံရခြင်းများ၊ လူကုန်ကူးခံရခြင်းနှင့် အခြေခံလူမှုရေးဝန်ဆောင်မှုများ မရရှိခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်းနှင့် ရပိုင်ခွင့် အကာအကွယ်ပေးမှုကင်းမဲ့ခြင်း အစရှိသည် အခြေအနေများကြောင့် ဤအသွင်ကူးပြောင်းမှုတွင် စိန်ခေါ်မှုများအဖြစ် ဆက်လက်တည်ရှိနေပါသည်။

ဆွစ်ဇာလန်နိုင်ငံသည် ပဋိပက္ခများကို ငြိမ်းချမ်းစွာအဖြေရှာသည့်လုပ်ငန်းစဉ်များတွင် အဓိကနည်းလမ်း နှစ်သွယ်အားဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ယင်းတို့မှာ ဆွေးနွေးညှိနှိုင်းနေသည့် သက်ဆိုင်ရာအဖွဲ့အစည်းများကို တိုက်ရိုက်အကူအညီများပေးခြင်းနှင့် ဆွေးနွေးညှိနှိုင်းပွဲများတွင် လူမှုအဖွဲ့အစည်းနှင့် အမျိုးသမီးများပိုမိုကျယ်ပြန့်စွာပါဝင်ရေးအတွက် မြှင့်တင်လုပ်ဆောင်ခြင်းတို့ဖြစ်ပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများကို နည်းပညာ၊ ငွေကြေးနှင့် အကြံဉာဏ်များ သဘောထားအမြင်များရရှိရေး အတွက် အားဖြည့်ပေးခြင်း၊ ညှိနှိုင်းဆွေးနွေးသူများနှင့် အကြံပေးပုဂ္ဂိုလ်များအတွက် အလွတ်သဘောဆွေးနွေးပွဲများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ပေးခြင်းများကို လုပ်ဆောင်ပေးမည်ဖြစ်ပါသည်။ သက်ဆိုင်သူများအားလုံးက မေတ္တာရပ်ခံလာပါက မိမိတို့၏အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်သို့ကူးပြောင်းမှုကို မြှင့်တင်ပေးရန်အတွက် သက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကူအညီပေးခြင်းအားဖြင့် ဥပဒေမူဘောင်ကန့်သတ်ချက်ကို ပိုမိုတိုးတက်ကောင်းမွန်စေပါသည်။ ဥပမာ ရွေးကောက်ပွဲစနစ်နှင့် တရားစီရင်ရေးကိစ္စများနှင့်အရေးကြီးသော အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများ ပြန်လည်ဖြစ်ပေါ်လာစေရန် ကူညီဆောင်ရွက် ပေးခြင်းတို့ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းပေါင်းစည်းညီညွတ်မှုရရှိအောင် တည်ဆောက်ရာတွင် သမိုင်းကြောင်းကို နားလည်သိရှိမှု မြှင့်တင်ပေး ရန်နှင့် အမှန်တရားဖော်ထုတ်သည့် လုပ်ထုံးလုပ်နည်း ယန္တရားတို့ကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အမြတ်အစွန်းမယူသည့် လူမှုအဖွဲ့အစည်းများ ရန်ပုံငွေထောက်ပံ့ပေးခြင်းဖြင့် ၎င်းအဖွဲ့များ အနေဖြင့် အစိုးရနှင့်လည်းကောင်း ပုဂ္ဂလိကကဏ္ဍနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်မှု စွမ်းဆောင်ရည်ကို မြင့်မားစေပါသည်။

သတ်မှတ်ဒေသများရှိ ပဋိပက္ခဒဏ်ခံစားနေကြရသူများကို ၎င်းတို့ နေထိုင်လိုသောနေရာ သို့မဟုတ် ၎င်းတို့ပြန်သွားလိုသောနေရာများတွင် သိက္ခာရှိရှိနှင့် စိုးရိမ်ကြောင့်ကြကင်းစွာ နေထိုင်နိုင်ရန်အတွက် အကူအညီများပေးလျက်ရှိပါသည်။ ယင်းသို့ဖြစ်လာရေးမှာ ပဋိပက္ခဒဏ်ခံစားနေရသူများအား လူသားချင်းစာနာသည့် အထောက်အပံ့များနှင့် ကာကွယ်စောင့်ရှောက်မှုပေးခြင်းတို့ တိုးတက်ရရှိစေရန်အတွက် လုပ်ဆောင်ပေးခြင်းအားဖြင့်လည်းကောင်း၊ အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်စွဲကိုင်အုပ်စုများအနေဖြင့် ပိုမိုကျယ်ပြန့်သော မူဝါဒအပြောင်းအလဲများ ပြုလုပ်ခြင်းကို အားပေးကူညီခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် နှစ်နိုင်ငံချင်းနှင့် နိုင်ငံစုံပါဝင်သည့် အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများအားဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

အင်အားစုများကို ဖော်ထုတ်ခြင်းအားဖြင့် ဆွစ်ဇာလန်နိုင်ငံအနေဖြင့် ထိခိုက်လွယ်သည့် အခြေအနေများတွင် ပေါ်ပေါက်လာနိုင်သည့် လူမှုရေးတင်းမာမှုနှင့် မငြိမ်သက်မှု ဖြေရှင်းမှုဆိုင်ရာ လုပ်ငန်းများတွင် ထိရောက်စွာကူညီနိုင်လိမ့်မည်ဖြစ်ပါသည်။

**လိုက်လျောညီထွေရှိမှုနှင့် ပေါ်ပေါက်လာမည့် အခွင့်အလမ်းကောင်းများကို အသုံးချနိုင်သော အစီအစဉ်များချမှတ်ခြင်း**- ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်နေသော မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများဆက်လက်ဖြစ်ပေါ်နေရန်လိုအပ်ပြီး၊ ပူးပေါင်းဆောင်ရွက်မှုများသည် လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး ထိရောက်မှုရှိရန် လိုအပ်ပါသည်။

## ပထဝီဝင် ဦးတည်ဒေသ - မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ

ဆွစ်ထောက်ပံ့မှုများသည် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး မြောက်ပိုင်းတို့ပါဝင်သည့် မြန်မာနိုင်ငံအရှေ့ တောင်ပိုင်းဒေသများအပေါ် ဦးတည်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ အရွယ်ပမာဏခန့်ရှိသော မြန်မာ့ အရှေ့တောင်ပိုင်းဒေသသည် တိုင်းရင်းသားမျိုးနွယ်များနှင့် ဗမာလူမျိုးများ မှီတင်းနေထိုင်ရာဒေသဖြစ်ပြီး၊ ကမ်းရိုးတန်းလွင်ပြင်များ၊ မြစ်ဝကျွန်းပေါ်များနှင့် တောင်ကုန်းများတွင် နေထိုင်ကြပါသည်။ မြန်မာ့အရှေ့ တောင်ပိုင်းဒေသသည် နှစ်ပေါင်း ၅၀ ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားရာနေရာများ ဖြစ်ခဲ့သဖြင့်၊ လူအများနေရပ်မှစွန့်ခွာခြင်း၊ ပိုင်ဆိုင်မှုများဆုံးရှုံးခြင်းနှင့် လူ့အခွင့်အရေးနှင့်ဆက်စပ်သော ဖောက်ဖျက်ကျူးလွန်ခြင်းများ ဖြစ်ပွားခဲ့ပါသည်။

အရှေ့တောင်ပိုင်းဒေသ၏ စီးပွားရေးအခြေအနေသည် ဒေသ၏ထိုင်းနိုင်ငံနှင့် နီးကပ်စွာတည်ရှိမှုကြောင့် ထူးခြားသော အသွင်ဆောင်နေပြီး၊ ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော်သွားလာ




မှုများ မြင့်မားလျက်ရှိပါသည်။ မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲအတွက် ရည်ရွယ်ဖောက်လုပ်ထားသည့် အရှေ့နှင့်အနောက် သယ်ယူပို့ဆောင်ရေး အဓိကစင်္ကြံများအနက် အဓိကစင်္ကြံနှစ်ခုသည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် အဆုံးသတ်မည်ဖြစ်ပြီး၊ ရေနက်ဆိပ်ကမ်း(၁)ခုနှင့် စက်မှုဇုန်ကြီးတစ်ခုကိုလည်း ဆောက်လုပ်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ် အသက်ဝင်လာသောအခါ နယ်စပ်တစ်လျှောက် လူများနှင့် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းသွားလာမှုများ တရားဝင်ဖြစ်လာကြမည်ဖြစ်ပါသည်။ ထိုပြောင်းလဲဖြစ်ပေါ်တိုးတက်မှုသည် လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍများတွင် တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများရရှိစေမည်ဖြစ်သကဲ့သို့ မညီမျှမှုများတိုးမြင့်လာမည့်အန္တရာယ်လည်းရှိနေပါသည်။

ဆွစ်ပူးပေါင်းကူညီမှုအများစုကို အရှေ့တောင်ပိုင်းဒေသအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဆွစ်အထောက်အပံ့ သုံးပုံတစ်ပုံခန့်အထိမှာ နိုင်ငံတော်အဆင့် advocacy နှင့် မူဝါဒဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ နိုင်ငံတကာ အလှူရှင်များ ပူပေါင်းဆောင်ရွက်ခြင်းအဖွဲ့များသို့ ရန်ပုံငွေများမှထည့်ဝင်ခြင်းဖြင့် သုံးစွဲသွားမည်ဖြစ်ပါသည်။

အရေးပေါ်အကူအညီများကို ကပ်ဘေးဆိုက်ရောက်ချိန်များတွင် နိုင်ငံတစ်ဝှမ်းလိုအပ်မှုအလိုက် စီစဉ်ပေးသွားမည်ဖြစ်ပြီး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးမြှင့်တင်မှုများကို ပေါ်ပေါက်လာသည့် အခွင့်အလမ်းများအားဖြင့် အမျိုးသားရေးအမြင်တစ်ရပ်ရရှိရေးအတွက် ရှေးရှုလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**Map of Myanmar with geographic focus area of Swiss Cooperation**



Myanmar Information Management Unit


# SDC Overall Programme Area in Mon and Kayin State

(as of November 2013)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

**Graphic synopsis of Swiss Cooperation Strategy Myanmar 2013-17**



**Embassy of Switzerland**

Swiss Agency for Development and Cooperation SDC
Yangon, Myanmar

Address: 11 Kabaung Lane, 5½ Mile, Pyay Road,
Hlaing Township, Yangon, Myanmar.
Tel: + 95 1 534 754, 512 873, 507 089.
Email: ygn.vertretung@eda.admin.ch
Website: www.eda.admin.ch/yangon